myantrade

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

COMMERCE

May 16, 2019 Volume 19, Number 11

| ၁၆.၅.၂၀၁၉ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၂၉၆ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၅၅၀၀၀/ ကျပ် |
| ဒေါ်လာဈေး | = ၁၅၃၁ ကျပ် |
| CBM Rate | = ၁၅၃၉.၂ ကျပ် |
| ယူရို တစ်ယူရို | = ၁၇၂၇.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၂၅.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၇၆.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၆၆.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၃.၇၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၉၅၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၉.၅၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၉.၆၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၇၃၂ ကျပ် |

Source: CBM Rate, etrademyanmar.com

## ရန်ကုန်ဈေးကွက်သို့ သရက်သီးမှည့်များ စတင်ဝင်ရောက်လာပြီး ရာသီဥတု ပူပြင်းမှုကြောင့် ဈေးကွက်အေးနေ

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ တည်းကုန်းဈေးသစ်ဈေးကွက်သို့ ယခုလဆန်းပိုင်းမှစ၍ သရက်သီးမှည့်များ ဝင်ရောက်လာသော်လည်း ရာသီဥတု ပူပြင်းသောကြောင့် ဝယ်လိုအားနည်းပါးကာ ဈေးကွက်အေးနေကြောင်း အဆိုပါ ဈေးသစ်သီးပွဲရုံပိုင်ရှင် ဦးဝင်းနိုင်၏ ပြောပြချက်အရသိရသည်။ ဈေးကွက်အခြေ အနေက အေးနေသေးတယ်။ စိန်တစ်လုံးသရက်က ဖွန်လပိုင်းလောက်မှဝင် တယ်။ အခုချိန်ကအမှည့်နည်းသေးတယ်ဟု ဦးဝင်းနိုင်က ပြောသည်။

လက်ရှိတွင် ဈေးကွက်အတွင်း အလုံး ၅၀ မှ ၇၀ ပါ သရက်ခြင်းများ ဝင်ရောက် လျက်ရှိပြီး ငွေကျပ် ၁၇၀၀၀ မှ ၁၈၀၀၀ ဝန်းကျင် ဈေးနှုန်းရှိကြောင်း သိရသည်။ လတ်တလောတွင် ရင်ကွဲ၊ မြကျောက်၊ ပန်းဆွဲ စသည့် သရက်မျိုး များ ဝင်ရောက် လျက်ရှိကာ လာမည့်လအတွင်းမှသာ စိန်တစ်လုံးသရက်များ စတင်ဝင်ရောက်မည် ဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံ၌ သရက်အမျိုးအစားပေါင်း ၂၀၀ ကျော်ရှိပြီး စိန်တစ်လုံး၊ ရွှေဟင်္သာ၊ မချစ်စု၊ ရင်ကွဲ၊ ပတ္တမြားငမောက်စသည့် အမျိုးအစားများ ကို လူကြိုက်များသည်။ မြန်မာနိုင်ငံ၌ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် တို့မှ သရက်သီးအများဆုံးထွက်ရှိကြောင်းသိရသည်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/1966-mangoes.html

## ဝယ်လိုအားနည်းပါးနေသောကြောင့် ဈေးကွက်အတွင်း ဆန်ဈေးကျဆင်းနေ

ရန်ကုန်ဘုရင့်နောင်ဈေးကွက်သို့ ဆန်အဝင်နည်းပါးနေသော်လည်း ဝယ်လိုအားနည်းပါးနေသောကြောင့် ဈေးကွက် အတွင်း ဆန်ဈေးများကျဆင်းနေကြောင်း မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း (ဘုရင့်နောင်) အတွင်း ရေးမှူး ဦးသန်းဦး၏ ပြောဆိုချက်အရသိရသည်။ ယနေ့တွင် ဘုရင့်နောင်ဈေးကွက်သို့ ဆန်အိတ်ရေ ငါးသောင်း ဝန်းကျင် ဝင်ရောက်လျက်ရှိကာ ပြီးခဲ့သည့် တစ်ပတ်က တစ်အိတ်လျှင် ငွေကျပ် ၁၇၇၀၀ ဝန်းကျင်ရှိခဲ့သည့် ၂၅ မှတ် ဆန်သား ၆၅ တစ်အိတ်လျှင် ငွေကျပ် ၁၇၂၀၀ အထိ ဈေးနှုန်းကျဆင်းခဲ့ပြီး ဆန်သား ၈၅၊ ၉၀ ရှယ်စ တစ်အိတ်လျှင် ငွေကျပ် ၁၉၅၀၀ ရှိခဲ့ရာမှ ငွေကျပ် ၁၈၇၀၀ သို့ လည်းကောင်း၊ ဆန်ကွဲဈေးနှုန်းမှာ ၂၃၄ တစ်အိတ်လျှင် ယခင် ငွေကျပ် ၁၅၀၀၀ ရှိခဲ့ရာမှ ငွေကျပ် ၁၄၀၀၀ သို့ လည်းကောင်း၊ ဆန်ကွဲအကြီး တစ်အိတ်လျှင် ယခင် ငွေကျပ် ၁၆၀၀၀ ရှိခဲ့ရာမှ ငွေကျပ် ၁၅၁၀၀ သို့ လည်းကောင်း ဈေးနှုန်းကျဆင်းနေကြောင်းသိရသည်။

အဲဒီဈေးက အနိမ့်ဈေးလို့ပြောလို့ရတယ်။ အရောင်းအဝယ်က ပုံမှန်ပြန်ဖြစ်နေပါတယ်။ ဆန်ကွဲဈေး ကတော့ ကျဆင်းသွားတယ်။ ဆန်ဈေးက ကျတဲ့ဈေးမှာ ပုံမှန်ဖြစ်သွားတယ်။ ဆန်ဈေးက တစ်ပတ်အတွင်းမှာတင် တစ်အိတ်ကို ငွေကျပ် ၄၀၀ လောက် ကျဆင်းသွားတယ်ဟု ဦးသန်းဦးကပြောသည်။ ယခုတစ်ပတ်အတွင်း သင်္ဘော တင်ရန် အနည်းငယ် ဝယ်ယူလျက်ရှိပြီး လာမည့်တစ်ပတ်အတွင်း ရောင်းလိုအားများနေပါက ဈေးကွက်အတွင်း အရောင်းအဝယ် ဆက်လက်အေးနိုင်ကြောင်းသိရသည်။

တကယ်လို့ ရောင်းလိုအားများသေး တယ်ဆိုရင် ဈေးကတော့ နည်းနည်း ထပ်အေးစရာရှိပါတယ်။ တကယ်တမ်းကျတော့ ဒီဈေးတွေက အောက်ဈေးတွေဖြစ်နေလို့ တောင်သူတွေရော စက်ပိုင်တွေအနေနဲ့ပါ တွက်ခြေမကိုက်ပါဘူးဟု ဦးသန်းဦးကပြောသည်။ ဘုရင့်နောင်ဈေးကွက်သို့ ပုံမှန်အားဖြင့် တစ်ရက်လျှင် ဆန်အိတ်ရေ တစ်သိန်း ကျော် ဝင်ရောက်နေပြီး လတ်တလောတွင် အဝင်နည်းနေခြင်းဖြစ်ကာ အဓိကအားဖြင့် ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ အများဆုံးဝင်ရောက်နေကြောင်းသိရသည်။

**Source:**https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/1965-rce-markets.html

## ရေငန်ငါးများမွေးမြူပြီး ဥရောပသို့တင်ပို့ နိုင်ပါက ဈေးကွက်အားကောင်းလာနိုင်

ဥရောပရှိ ငါးဈေးကွက်တွင် ရေငန်ငါး စားသုံးမှုများသည့်အတွက် ပြည်တွင်း၌ ရေငန်ငါးများ မွေးမြူတင်ပို့နိုင်ပါက ဈေးကွက်အားကောင်းလာနိုင်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးနန္ဒာတင်၏ ပြောဆိုချက်အရသိရသည်။ မြန်မာနိုင်ငံမှ ဥရောပဈေးကွက်သို့ သဘာဝမှ ရရှိသည့်ငါးများကိုသာ တင်ပို့လျက်ရှိရာ မေ ၁ ရက်မှစ၍ မွေးမြူရေးငါးများ တင်ပို့ခွင့်ရရှိထားကြောင်း သိရသည်။ လက်ရှိ ပြည်ပနိုင်ငံတို့သို့ ငါးတင်ပို့နေသည့် စက်ရုံ ၁၂၃ ရုံရှိပြီး၂၃ ရုံမှာ ဥရောပဈေးကွက်သို့ သဘာဝမှရရှိသည့် ငါးများကို တင်ပို့လျက်ရှိကာ ယင်းတို့ထဲမှ ၁၇ ရုံသည် မွေးမြူရေးငါးများကိုပါ တင်ပို့နိုင်ရန် စစ်ဆေးမှုများ ပြုလုပ်ထားပြီးဖြစ်ကြောင်း သိရသည်။

သဘာဝမှရရှိသည့်ငါးများကို ဥရောပနိုင်ငံ ၁၀ နိုင်ငံသို့ တင်ပို့ရာတွင်၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က တန်ချိန် တစ်သောင်းကျော်၊ အမေရိကန်ဒေါ်လာသန်း ၂၀ ကျော်ဖိုး တင်ပို့နိုင်ခဲ့သည်။ ဥရောပဈေးကွက်သို့ တင်ပို့ခွင့်ရရှိထားသည့် မွေးမြူရေးငါး ၁၀ မျိုးမှာ ငါးမြစ်ချင်း၊ ငါးကြင်းဖြူ၊ ငါးခေါင်းပွ၊ ရွှေဝါငါးကြင်း၊ ငါးတန်၊ ငါးခုံး မကြီး၊ တီလားဗီးယား၊ ပုစွန်ကျား၊ ပုစွန်ဖြူနှင့် ကဏန်းပျော့တို့ဖြစ်ကြောင်းသိရသည်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/1964-saltwater-fish-farming.html

## မြန်မာ-အိန္ဒိယနယ်စပ် ရိဒ်ခေါဒါရ် ကုန်သွယ်ရေးစခန်းမှ မြန်မာကွမ်းသီးကို အများဆုံးဝယ်ယူလျက်ရှိ

မြန်မာနိုင်ငံ၏ ဒေသထွက်ကုန်တစ်ခုဖြစ်သည့် ကွမ်းသီးကို နွေရာသီ ချင်းတောင်လမ်းများကောင်းမွန်ချိန် မြန်မာ-အိန္ဒိယနယ်စပ်ရိဒ်ခေါဒါရ် ကုန်သွယ်ရေးစခန်းမှ အများဆုံးဝယ်ယူလျက်ရှိကြောင်း အဆိုပါကုန်သွယ်ရေးစခန်းမှ သိရသည်။ ယင်းမြန်မာကွမ်းသီးကို မြန်မာနိုင်ငံအောက်ပိုင်းဒေသနှင့်တနင်္သာရီတိုင်းဘက်မှ အများဆုံးတင်ပို့ရောင်းချခြင်းဖြစ်ပြီး၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့မှတစ်ဆင့် ချင်းပြည်နယ်တီးတိန်မြို့ကိုဖြတ်ကာ ရိဒ်နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် အိန္ဒိယဘက်သို့တင်ပို့ရောင်းချခြင်းဖြစ်သည်။ တစ်ဖက်နိုင်ငံကို ကုန်ပစ္စည်းတင်ပို့ရာမှာ နှစ်နိုင်ငံနယ်နိမိတ်ဖြစ်တဲ့ တီးအိုးချောင်းတစ်ဖက်ကမ်း အိန္ဒိယနိုင်ငံအပိုင် ဇိုခေါဒါရ်ရွာအထိ ပို့ဆောင် ရောင်းချကြရတာဖြစ်ပါတယ်။ ဇိုခေါဒါရ်ရွာမှာ အိန္ဒိယနိုင်ငံအကောက်ခွန်နှင့် သက်ဆိုင်ရာတို့ရဲ့ စစ်ဆေးမှုကိုခံယူပြီးမှ ဇိုခေါဒါရ်ရွာကနေ ကျန်ဖိုင်းမြို့၊ ကျန်ဖိုင်းမြို့ကမှတစ်ဆင့် အိုက်ဇောမြို့ကို တင်ပို့ရောင်းချရတာဖြစ်ပါတယ်ဟု ရိဒ်ခေါဒါရ်နယ်စပ် ကုန်သွယ်ရေး စခန်းမှ တာဝန်ရှိတစ်ဦးက မေ ၁၄ ရက်က ပြောသည်။

မြန်မာနိုင်ငံမှကုန်စည်များကို တိုက်ရိုက်သယ်ပို့ရောင်းချခွင့်မရှိဘဲ မြန်မာ-အိန္ဒိယနယ်စပ်တီးအိုး ချောင်းတစ်ဖက်ကမ်း ဇိုခေါဒါရ် ရွာမှ မယ်လ်ဘို့ကျေးရွာ၊ ယင်းကျေး ရွာမှကျန်ဖိုင်းမြို့၊ ထိုမှ မီဇိုရမ်ပြည်နယ် အိုက်ဇော်လ်မြို့တို့တွင် ဒေသန္တရ အလုပ်သမားများက လုပ်သားခတောင်းခံကြရာ ယင်းလုပ်သားခပေးဆောင်ပြီးမှ ခရီးဆက်ကြရသည့်အပြင် နေရာဒေသအလိုက် ဒေသန္တရအခွန်အတုတ်များကိုလည်း ပေးဆောင်ရကြောင်းသိရသည်။ ယခုရက်ပိုင်း ကလေး-နယ်စပ်ရိဒ်သွား ကုန်ကားအများစုမှာ ကွမ်းသီးတင်ကားအများစုဖြစ်ပြီး ဖိုလန်၊ စကတ်ကားတစ်စီးလျှင် ကွမ်းသီးအိတ် (၁၁၀) ဝန်းကျင် တင်ဆောင်ကြောင်း၊ ကွမ်းသီးအိတ်တစ်အိတ်လျှင် ပိဿာချိန် (၅၀)ပါဝင်ပြီး ကွမ်းသီးတစ်ပိဿာလျှင် ကလေး-ရိဒ်နယ်စပ်အထိ တန်ဆာခ ၇၅ ကျပ်ပေးရကြောင်းသိရသည်။

**Source:**https://www.yangonmedia.com/economy/item/14028-

## အခုဘဏ္ဍာနှစ်အတွင်း ဆန်တန်ချိန် ၁ ဒသမ ၃ သန်းကျော်တင်ပို့ ထား

အခုဘဏ္ဍာနှစ်အတွင်း ဆန်တန်ချိန် ၁ ဒသမ ၃ သန်းကျော်တင်ပို့ထားတယ်လို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ထံကသိရပါတယ်။ ၂၀၁၈-၁၉ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်နေ့မှ ၂၆ ရက်ဖြေလအထိ ဆန်မက်ထရစ်တန်ချိန် ၁၃၃၆၇၇၄ တင်ပို့မှုမှ ကန်ဒေါ်လာ ၄၁၂ သန်းရရှိထားပါတယ်။ ယင်းစာရင်းထဲမှာ ဆန်တင်ပို့မှုက မက်ထရစ်တန်ချိန် ၁၀၈၅၄၈၆ မှ ကန်ဒေါ်လာ ၃၄၃ သန်းနဲ့ ဆန်ကွဲမက်ထရစ်တန် ၂၅၁၂၈၇ တင်ပို့မှုမှ ကန်ဒေါ်လာ ၆၈ သန်းရရှိခဲ့ပါတယ်။

နိုင်ငံပေါင်း ၅၀ ကျော်ကိုတင်ပို့ခဲ့ရာ တရုတ်နိုင်ငံသို့ ဆန်တန်ချိန် ၄ သိန်း ၈ သောင်း၊ ဖိလစ်ပိုင်ကို တန်ချိန် ၁ သိန်း ၃ သောင်းဖြင့် အများဆုံးတင်ပို့ခဲ့တာပါ။ ပင်လယ်ရေကြောင်းကုန်သွယ်မှုအနေဖြင့် ဆန်တန်ချိန် ၈ သိန်း ၃ သောင်းကျော်တင်ပို့ခဲ့ပြီး နယ်စပ်မှတန်ချိန် ၅ သိန်းကျော် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**Source:**https://www.facebook.com/SFJWeekly/posts/2184284828325464?__tn__=K-R

## ဥရောပနိုင်ငံများသို့ တင်ပို့ နေသည့်ရေထွက်ကုန်များ သတ်မှတ်စံနှုန်းများနှင့်ကိုက်ညီစေရန်ဆောင်ရွက်မည်



ဥရောပနိုင်ငံများသို့ ပင်လယ်ပြင်နှင့် မွေးမြူရေးကန်များမှ ရေထွက်ကုန်များကို တင်ပို့ခွင့်ရရှိပြီဖြစ်၍ သက်ဆိုင်ရာနိုင်ငံများမှ သတ်မှတ်ထားသည့် စံချိန်စံနှုန်းများနှင့်အညီ တင်ပို့နိုင်ရန်ပြင်ဆင်နေကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူး ဦးဟင်းကြိုင်ကပြောသည်။ အီးယူကို ငါး၊ ပုစွန်၊ ဂဏန်းစတဲ့ သဘာဝမွေးမြူရေး ထွက်ကုန်တွေ ပို့လို့ရတာဖြစ်တယ်။ ရန်ကုန်တိုင်းမှာဆိုရင် ရေချိုငါး၊ ဧရာဝတီဆိုရင် ရေချိုငါး၊ ပုစွန်ကျားနဲ့ ပုစွန်ဖြူ၊ ဂဏန်းပျော့လည်းပါတယ်။ နောက် တနင်္သာရီဆိုရင် ဂဏန်းပျော့ပါမယ်။ အစရှိတာတွေ အထူးပြုတင်ပို့ရတာဆိုတော့ စံချိန်စံနှုန်းသတ်မှတ်ချက်တွေအတိုင်း လိုက်ပါဆောင်ရွက်ဖို့လိုအပ်တယ်ဟုၡင်းကဆိုသည်။

EU နိုင်ငံများသို့ မွေးမြူရေး ငါး၊ ပုစွန်တွေ တင်ပို့ခွင့်ရရှိသော်လည်း မြန်မာနိုင်ငံမှာရှိသည့် ငါး၊ ပုစွန် မွေးမြူသူများအနေဖြင့် EUStandard နှင့်အညီဖြစ်စေရေး၊ ၎င်းတို့လိုလားသည့် မွေးမြူရေးထွက်ကုန်ဖြစ်စေရေးနှင့် ရေထွက်ကုန်ပစ္စည်းများမှာ ဘေးအန္တရာယ် ကင်းရှင်းစေရန်အတွက်လည်း အရေးကြီးသည့်အတွက် ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်စနစ်ကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အနေဖြင့်လည်း ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် ငါးလုပ်ငန်းဦးစီးဌာနနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်၍ နည်းပညာပံ့ပိုးကူညီမှုများနှင့်အတူ ကြိုးပမ်းဆောင်ရွက်နေကြောင်းသိရသည်။ ထို့ကြောင့် ရေလုပ်ငန်းနှင့် ပတ်သက်ပြီး နိုင်ငံတကာ၏ စံနှုန်း၊ စည်းမျဉ်းစည်းကမ်း၊ ဆောင်ရွက်ရမည့် လုပ်ငန်း စဉ်များကို တိကျစွာလိုက်နာကာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

လက်ရှိတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် စတင်တာဝန် ထမ်းဆောင်ချိန်မှစ၍ ဒုတိယ ကာလတို(၅) နှစ် လယ်ယာကဏ္ဍမူဝါဒနှင့် လုပ်ငန်းစဉ်များကို ရေးဆွဲပြီး မူဝါဒ (၁၀) ရပ်ကို ချမှတ်၍ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အပြင် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS)ကိုလည်း ရေးဆွဲကာ စိုက်ပျိုးရေး၊ သားငါးကဏ္ဍအပါအဝင် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အီးယူအသိအမှတ်ပြု တင်ပို့ခွင့်ရလာမှုကိုအသုံးချ၍ မြန်မာ့ရေထွက်ကုန်များ ဖွံ့ဖြိုးရေး ပိုမိုတိုးတက်စေရန် ဆောင်ရွက်ရမည့် အစီစဉ်များချမှတ်ခြင်း၊ ရေထွက်ကုန်ဈေးကွက်သို့ နှစ်စဉ် ၅၀ ရာခိုင်နှုန်းခန့် တင်ပို့နေသော ဗီယက်နမ်နိုင်ငံကဲ့သို့ဖြစ်လာစေရေး ငါးလုပ်ငန်းဦးစီးဌာန၊ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မိတ်ဖက်အဖွဲ့စည်းများမှ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ ပြည်ပသို့ တင်ပို့ခွင့်ရရှိထားသော ရေထွက်ကုန်များ၏ အစားအစာဘေးကင်းလုံခြုံရေးနှင့် ပတ်သက်ပြီး ငါးလုပ်ငန်းဦးစီးဌာန အောက်တွင်ရှိသော ISO အသိမှတ်ပြု ဓာတ်ခွဲခန်းများတွင် စစ်ဆေးနိုင်ကြောင်းသိရသည်။

**Source:**http://www.amiamyanmar.com/detail.aspx?id=8025

## ပြည်တွင်းစပါးဈေးများ ကျဆင်းလျက်ရှိ



မြန်မာဆန်များ ပြည်ပတင်ပို့မှု လျော့နည်းနေပြီး ပြည်တွင်း စပါးဈေးများ ကျဆင်းလျက်ရှိကြောင်း မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များ အသင်းထံမှ သိရသည်။ လက်ရှိမှာ စပါးဈေးကကျနေတယ်။ ပြည်ပပို့တာနည်းနေတယ်။ အရင်နှစ်က တရုတ်နယ်စပ်ကထွက်တယ်။ ဒီနှစ်က တရုတ်နယ်စပ်က မထွက်တော့ စပါးတွေက ပြည်တွင်းမှာ ပိုနေတာပေါ့ဟု မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းဥက္ကဋ္ဌ ဦးအောင်သန်းဦးကပြောသည်။ စပါးဈေးမှာ တင်း ၁၀၀ လျှင် ငွေကျပ် လေးသိန်းပတ်ဝန်းကျင်ခန့်ပေါက်ဈေးရှိပြီး ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ထွက်ရှိသောဆန်စပါးကို အဓိကအရောင်းအဝယ်ပြုလုပ်လျက်ရှိသည်။

လက်ရှိအချိန်တွင် နွေစပါးရိတ်သိမ်းချိန်ဖြစ်ပြီး စပါးဈေး ဆက်လက်ကျဆင်းနိုင်ကာ ဈေးပြန်တက်ရန် အလားအလာမရှိကြောင်း ဆန်ကုန်သည်များက ခန့်မှန်းထားသည်။ စပါးဈေးကျဆင်းနေသောကြောင့် စပါးစိုက်ပျိုးသူ တောင်သူများအတွက် အခက်အခဲရှိနိုင်ကြောင်း ဆန်စပါးကုန်သည်များ အသင်းထံမှသိရသည်။ ဝယ်လိုအားနည်းပြီး ဆန်စပါးအများအပြား စိုက်ပျိုးထားသည့်အတွက် ပုဂ္ဂလိကနှင့်ညှိနှိုင်းဆောင်ရွက်ပေးရန် နိုင်ငံတော် အစိုးရသို့တင်ပြထားကြောင်း သိရသည်။

**Source:**https://www.facebook.com/MYANMAALINNNEWS/?__tn

## ဧရာဝတီတိုင်းဒေသကြီးမှာ မျိုးစေ့၊ မြေဆီလွှာနှင့် မြေသြဇာ၊ သီးနှံကာကွယ်ရေးအတွက် ဓာတ်ခွဲခန်းများဖွင့်လှစ်



ဧရာဝတီတိုင်းဒေသကြီးရှိ စိုက်ပျိုးမြေဆီလွှာနှင့် မြေသြဇာများ၊ မျိုးစေ့နှင့် သီးနှံကာကွယ်ရေး လုပ်ငန်းများအတွက် ဓာတ်ခွဲခန်းများကို ဖွင့်လှစ်ကာ စတင်စစ်ဆေးပေးနေပြီဖြစ်ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သတင်းရရှိသည်။ အဆိုပါ စိုက်ပျိုးမြေဆီလွှာနှင့် မြေသြဇာများ၊ မျိုးစေ့နှင့်သီးနှံကာကွယ်ရေး မျိုးစေ့အရည်အသွေး စစ်ဆေးရေး ဓာတ်ခွဲခန်း (၃) ခုကို ယခုမေလ ၅ ရက်က ပုသိမ်မြို့တွင် ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပြီး မျိုးစေ့အရည်အသွေးစစ်ဆေးရေး ဓာတ်ခွဲခန်းအတွက် လိုအပ်သည့် ပစ္စည်းကိရိယာများကို Welt Hunger Hlife အဖွဲ့မှ ပံ့ပိုးကူညီပေးခဲ့ကြောင်းသိရသည်။

ယခင်က မျိုးစေ့အရည်အသွေး စစ်ဆေးနိုင်ရန် ရန်ကုန်မှ ဓာတ်ခွဲခန်းများသို့ ပေးပို့စစ်ဆေးခဲ့ရခြင်းဖြစ်ပြီး ယခုကဲ့သို့ ဓာတ်ခွဲခန်းများ ဖွင့်လှစ်လိုက်ခြင်းကြောင့် တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများကို အချိန်မီဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း WHH အဖွဲ့၏ စီမံကိန်းတာဝန်ခံ ကိုကျော်လင်းထွန်းကပြောသည်။ ပုသိမ်မှာ ဒီလိုဓာတ်ခွဲခန်းတွေကို ဖွင့်လှစ်လိုက်ခြင်းအားဖြင့် ထောက်ပံ့ခြင်းအားဖြင့် ကျွန်တော်တို့ ဧရာဝတီ တိုင်းမှာရှိနေတဲ့ မျိုးသန့်တွေကို အသုံးပြုမယ့် တောင်သူအတွက် အချိန်မှီမှီ အကျိုးရှိရှိ အသုံးပြုနိုင်မှာပါဟု ကိုကျော်လင်းထွန်းကပြောသည်။ ယင်းအပြင် မြေအသုံးချရေးဓာတ်ခွဲခန်းမှလည်း တောင်သူများ၏ မြေယာများတွင် နိုက်ထရိုဂျင်၊ ဖော့စဖရပ်နှင့် ပိုတက်ဆီယမ်ဓာတ် အနည်း၊ အများနှင့် အဟာရဓာတ်အခြေအနေများကို စစ်ဆေးနိုင်မည်ဖြစ်သည်။ စိုက်ပျိုးမြေ၏ အဟာရဓာတ်ကို စစ်ဆေးကာ လိုအပ်သည့်အာဟာရဓာတ်ကို အချိုးအစား မှန်မှန်ထည့်သွင်းမှသာ အထွက်နှုန်းအမြင့်ဆုံးထိ ရရှိလာမှာဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ဝင်းမာကဆိုသည်။

အပင်အတွက် အကြမ်းဖျင်းအားဖြင့် အာဟာရဓာတ်က သုံးမျိုးရှိပါတယ်။ အများလိုရော၊ အနဲလိုရောပေါ့။ ဒါတွေပြည့်စုံမှာသာလျှင် ကျမ်းမာတဲ့ မြေကြီးလို့ ပြောလို့ရတယ်။ ကျွန်မတို့ စိုက်ပျိုးတဲ့ အခါမှာလည်း ကိုယ်လိုချင်တဲ့

အထွက်နှုန်း ရရှိဖို့ကလည်း ဒါတွေ ပြည့်စုံမှ ရမှာ။ အာဟာရဓာတ် တစ်ခုလိုတာနဲ့ အထွက်နှုန်းကလိုတဲ့အထိရောက်မှာ မဟုတ်ဘူး။ ကျွန်မတို့က အဲ့ဒါတွေ အကုန်သိနိုင်တယ်ဟု ၎င်းကဆိုသည်။ ယင်းအပြင် သီးနှံကာကွယ်ရေး ဓာတ်ခွဲခန်းမှာလည်း ဖျက်ပိုးရောဂါများအပြင် မျိုးစေ့များတွင် ပါလာနိုင်သည့် မျိုးစေ့ဆောင် ရောဂါများကိုလည်း စစ်ဆေးနိုင်ပြီဖြစ်ကြောင်း ရောဝတီတိုင်းဒေသကြီး သီးနှံကာကွယ်ရေး တာဝန်ခံ ဦးဝင်းစိုးက ဆိုသည်။ ယခုကဲ့သို့ စိုက်ပျိုးရေးအတွက်လိုအပ်နေသည့် ဓာတ်ခွဲခန်းများကို ဧရာဂတီတိုင်း ဒေသကြီးတွင် ပထမဆုံးအနေဖြင့် ဖွင့်လှစ်စစ်ဆေးပေးနိုင်တော့မှာဖြစ်ပြီး ကျန်ရှိနေသည့် ခရိုင်မြို့နယ်များတွင်လည်း ဆက်လက်ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရောဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးလှမိုးအောင်က ပြောကြားထားသည်။

**Source:**http://www.amiamyanmar.com/Detail.aspx?id=8027

## မြေပဲဈေးနှုန်းမြင့်တက်လာ မန်းခရိုင်အတွင်း ဆီစက် ၁၅ ရာခိုင်နှုန်းသာလည်ပတ်



မြေပဲဆန်ဈေးနှုန်းဟာ သည်လပိုင်းအတွင်း တစ်ပိဿာကို ကျပ် ၃၀၀ လောက်ကနေ ၅၀၀ အထိ ဈေးမြင့်တက်သွားတာကြောင့် မန္တလေးခရိုင်အတွင်းမှာ ဆီစက် တွေရဲ့ ၁၅ ရာခိုင်နှုန်းလောက်ပဲ လည်ပတ်နိုင်တော့တယ်လို့ မန္တလေးခရိုင် ဆီစက်လုပ်ငန်းရှင်များအသင်းက သိရပါတယ်။ နှစ်တိုင်းမှာတော သင်္ကြန်ပြီးတဲ့အချိန်မှာ ပဲသစ်ပေါ်တဲ့ အချိန်ဖြစ်တာကြောင့် ဈေးကျတတ်ပေမဲ့လည်း ဒီနှစ်မှာတော့ တရုတ်ကအဝယ်လိုက်နေတဲ့အတွက် အခုလို ဈေးမြင့်တက်သွားတာ ဖြစ်တယ်လို့ သိရပါတယ်။ မန္တလေးခရိုင်အတွင်းမှာ ဆီစက်ပေါင်း ၂၀၀ ကျော်လောက် ရှိတယ်လို့ သိရပါတယ်။

တရုတ်က သင်္ကြန်ပြီးနောက်ပိုင်း မြေပဲတွေဆွဲတော့ မြေပဲဆန်က မတော်တရော်ဈေးကွက်ဖြစ်သွားတာပေါ့၊ ထုံးစံက သင်္ကြန်ပြီးပဲသစ်ပေါ်ချိန်မှာ ဈေးကျတဲ့အချိန်ပါ၊ ဒီနှစ်က မြေပဲဈေးကောင်းတော့ စက်ပိုင်တွေက အရှုံးနဲ့ရင်ဆိုင်နေရပေမဲ့ နာမည်လေးကျန်အောင် လည်ပတ်နေရတယ်လို့ မန္တလေးခရိုင် ဆီစက်လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးသန်းလွင်က ပြောပါတယ်။ လက်ရှိဈေးကွက်မှာ မြေပဲဆန် တစ်ပိဿာ ကျပ် ၅၀၀ လောက်အထိ ဈေးတက်သွားခဲ့ပြီး တစ်ပိဿာ ကျပ် ၃၃၀၀ ဝန်းကျင်လောက်အထိ ပေါက်ဈေးရနေတယ်လို့သိရပါတယ်။ စားအုန်းဆီကတော့ တစ်ပိဿာကို ကျပ် ၁၇၀၀ လောက်ကနေ အခုအချိန်မှာ တစ်ပိဿာကို ၁၅၇၀ လောက် ဈေးနှုန်းကျဆင်းသွားပြီး ပဲဆီဈေးနှုန်းကတော့ ဖြ ရက်နေ့ပေါက်ဈေးအရ တစ်ပိဿာကို ကျပ် ၆၀၀၀ ရှိနေပါတယ်။

ဆီစက်တွေက ဈေးကွက်ကို ဖြန့်ဖြူးရာမှာ သင်္ကြန်မတိုင်မီက ဈေးနှုန်းနဲ့ယှဉ်ရင် ဈေးနှုန်းမြင့်တက်လာတာကြောင့် ဝယ်ယူသူနည်းပါးသွားတယ်လို့ သိရပါတယ်။ စားအုန်းဆီဈေးက ဈေးကျတယ်၊ စားသုံးသူက ကျန်းမာရေးထက် ဈေးချိုတာကိုဝယ်သုံးကြပြီး မြေပဲဆီစစ်စစ်ကို ဘယ်သူမှလိုက်မဝယ်ဘူး၊ မြေပဲဈေးတက်လို့ ဆီစက်လုပ်ငန်းတွေ ကမောက်ကမဖြစ်တယ်၊ ဈေးနှုန်းတအားကွာဟနေရင် စက်တွေကဘာမှ လိုက်လုပ်လို့ မရဘူး၊ ဒါကိုလဲ ဒုတိယသမ္မတနဲ့တွေ့ဆုံတင်ပြထားပေမဲ့ ဘာမှအကြောင်းပြန်တာမရသေးဘူးလို့ ဦးသန်းလွင်က ပြောပါတယ်။ ပြည်တွင်းမှာ စားအုန်းဆီတွေကို ဓာတုအနံ့ဆေးထည့်ပြီး ရောင်းချနေကြသလို နိုင်ငံခြားက မှာယူတင်သွင်းတဲ့ ပဲပိစပ်ဆီ၊ နေကြာဆီစတဲ့ ဆီတွေကိုလည်း ယှဉ် ပြိုင်နေရတယ်လို့ သိရပါတယ်။

အခြေခံလူတန်းစားတွေအတွက် အစိုးရက စားအုန်းဆီနဲ့ကန်ဆီကို သွင်းပေမဲ့လည်း သည်လိုသွင်းရာမှာ နိုင်ငံခြားကလာတဲ့ ပက်ကင်အသစ်၊ ပုံးအသစ်တွေနဲ့ သွင်းစေချင်တယ်လို့ ဆီလုပ်ငန်းရှင်တစ်ဦးက ဆိုပါတယ်။နေကြာဆီ၊ ပဲပုပ်ဆီတို့ကို တူရကီ၊ ဂျာမနီ၊ မလေးရှားတို့ဘက်က တံဆိပ်မျိုးစုံသွင်းနေတာတွေကလည်း ပြည်တွင်းဆီလုပ်ငန်းရှင်တွေအတွက် ပြဿနာတစ်ခု ဖြစ်နေတယ်လို့ သိရပါတယ်။ ကျွန်တော်တို့ အဓိကပြဿနာပါ၊ သူကကျတော့ ချမ်းသာတဲ့သူကလဲ နေကြာဆီက ကျန်းမာရေးနဲ့ညီညွတ်တယ်ဆိုပြီးတော့ အဲဒါတွေကို ပြောင်းသုံးလာကြတယ်၊ ဒီဆီတွေက တကယ်ပဲ အာဟာရနဲ့ပြည့်သလား၊ ဒီဆီတွေက တကယ်ပဲစစ်သလားဆိုတာတော့ စစ်ဆေးဖို့လိုတယ်လို့ ဆီစက်ပိုင်ရှင်တစ်ဦးကပြောပါတယ်။ မြန်မာနိုင်ငံ ဆီစက်လုပ်ငန်းရှင်များအသင်းက ကျန်းမာရေးနဲ့ညီညွတ်တဲ့ (GMP) ထုတ်ကုန်အဆင့်ရှိပြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)ရဲ့ ထောက်ခံချက်ရရှိတဲ့ဆီစက်တွေ ၂၀၂၀ မှာ တစ်နိုင်ငံလုံးရဲ့

စားသုံးမှုကို ၅ဝ ရာခိုင်နှုန်းအထိ လုံလောက်အောင် ကြိုးစားလုပ်ဆောင်သွားမယ်လို့ မြန်မာနိုင်ငံဆီစက် လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးခင်စိုးကဆိုထားပါတယ်။

**Source:** https://www.kumudranews.com/news-33416

## ကော်ဖီကဏ္ဍဖွံ့ဖြိုးစေရေး မန္တလေးတွင် ဒုတိယအကြိမ်မြောက် ဖိုရမ်ပြုလုပ်

ကော်ဖီကဏ္ဍဖွံ့ဖြိုးစေရန် ရည်ရွယ်၍ ဒုတိယအကြိမ်မြောက် ကော်ဖီဖိုရမ်ကို မန္တလေးမြို့တွင် မေလ ၁၅ ရက်က ကျင်းပခဲ့သည်။ မန္တလေးမြို့ Mercure Hill Resort Hotel တွင် ကျင်းပသည့် အဆိုပါဖိုရမ်သို့ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်ရောင်းချ တင်ပို့သူများ တက်ရောက်ခဲ့သည်။ ပထမအကြိမ် ဖိုရမ်ပြီးတဲ့နောက် ကော်ဖီကဏ္ဍဖွံ့ဖြိုးလာတာကို အရှိန်အဟုန်နဲ့ ဆက်လက်ဆောင်ရွက်ဖို့နဲ့ လက်ရှိကာလနဲ့ လိုက်လျောညီထွေမှုရှိပြီး လိုအပ်ချက်တွေကို ဖြည့်ဆည်း အကောင်အထည်ဖော်ဖို့ ဒုတိယအကြိမ် ဖိုရမ်ကို ကျင်းပရတာဖြစ်ပါတယ်ဟု ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပြောသည်။

ပထမအကြိမ်ပြုလုပ်ခဲ့သည့် ကော်ဖီဖိုရမ်အပြီးတွင် ထုတ်လုပ်မှုများ တိုးတက်လာပြီး ဈေးကွက်တစ်ခု ဖြစ်ထွန်း လာကြောင်း၊ တောင်သူများ နည်းပညာကောင်းများ အသုံးချလာနိုင်ကြောင်း ၎င်းက ဆိုသည်။ ပထမအကြိမ် ကော်ဖီဖိုရမ်ကို ၂၀၁၇ မေလ ၂၃ ရက်က နေပြည်တော်တွင် ပြုလုပ်ခဲ့သည်။ ဒုတိယအကြိမ် ကော်ဖီဖိုရမ်တွင် ကော်ဖီဘုတ်အဖွဲ့ ဖွဲ့စည်းရေး၊ ကော်ဖီအရည်အသွေး၊ ဈေးကွက်နှင့် ထိုက်သင့်သည့် ဈေးနှုန်းရရှိစေရေး၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများအတွက် ချေးငွေနှင့်အရင်းအနှီးများရရှိနိုင်စေရန် ဌာနဆိုင်ရာနှင့်ပုဂ္ဂလိကပူးပေါင်း ဆောင်ရွက်ရေးတို့ဆွေးနွေးရန် ဒုတိယသမ္မတကတိုက်တွန်းခဲ့သည်။ ကော်ဖီဖိုရမ်တွင် မြန်မာနိုင်ငံကော်ဖီအသင်း၊ ကော်ဖီစိုက်ပျိုးသူများအစုအဖွဲ့၊ ကော်ဖီထုတ်လုပ်ရောင်းဝယ် တင်ပို့သူများအစုအဖွဲ့၊ ကော်ဖီ Roaster အစုအဖွဲ့၊ ကော်ဖီဆိုင်နှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ ပညာရှင် အစုအဖွဲ့များ၏ ဆွေးနွေးမှုများပါဝင်ခဲ့သည်။

**Source:** http://www.7daydaily.com/story/156167

## မောတောင်ရှိ မြန်မာ-ထိုင်း ယာယီကုန်သွယ်ရေးနယ်စပ်ဂိတ်ကို အမြဲတမ်းစခန်းအဖြစ် ဖွင့်လှစ်ရန်စီစဉ်နေ

နယ်စပ်ဖြတ်သန်းသွားလာရေးဆိုင်ရာ သဘောတူညီချက်စာချုပ်တွင် ဖြည့်စွက်လက်မှတ်ထိုးပြီးပါက တနင်္သာရီ မြို့နယ် မောတောင်ရှိ မြန်မာ-ထိုင်း ယာယီကုန်သွယ်ရေး နယ်စပ်ဂိတ်ကို တရားဝင်အမြဲတမ်း ကုန်သွယ်ရေး စခန်းအဖြစ် ဖွင့်လှစ်နိုင်မည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဒုတိယဝန်ကြီးဦးအောင်ထူးက ပြောကြားသည်။ မေလ ၁၅ ရက်တွင် ကျင်းပသော ပြည်သူ့လွှတ်တော် အစည်းအဝေး၌ ကျွန်းစုအမတ် ဒေါ်တင်တင်ရီ၏ မေးမြန်းမှုနှင့်ပတ်သက်၍ ဦးအောင်ထူးက နှစ်နိုင်ငံနယ်နိမိတ်ကို စနစ်တကျတိုင်းတာသတ်မှတ်ပြီး သဘောတူညီချက်စာချုပ်တွင် ဖြည့်စွက် လက်မှတ်ထိုးပြီးပါက အဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်မည်ဟု ပြန်လည်ဖြေကြားသည်။ မြန်မာ-ထိုင်း နယ်စပ် ကုန်သွယ်ရေး ပူးတွဲကော်မတီအစည်းအဝေးများနှင့် မြန်မာ-ထိုင်းနှစ်နိုင်ငံ ပူးတွဲကော်မရှင် အစည်းအဝေးများတွင် လည်းကောင်း၊ နှစ်နိုင်ငံအကြီးအကဲများ တွေ့ဆုံဆွေးနွေးရာတွင်လည်းကောင်း ယင်းကိစ္စကို နှစ်ဖက်ညှိနှိုင်း ဆွေးနွေးနေပါတယ်ဟု ဒုဝန်ကြီးက လွှတ်တော်၌ပြောသည်။

မောတောင် ယာယီဂိတ်စခန်းကို အမြဲတမ်းကုန်သွယ်မှုဂိတ်စခန်းအဖြစ်ဖွင့်လှစ်ပါက သယ်ယူပို့ဆောင်ခ စရိတ်များစွာ သက်သာခြင်း၊ ရသင့်ရထိုက်သည့် အခွန်အခနစ်နာဆုံးရှုံးမှုကို တားဆီးကာကွယ်နိုင်ခြင်း၊ ခရီးသွား လုပ်ငန်းဖွံ့ဖြိုး တိုးတက်လာနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်မည်ဟု ဒေါ်တင်တင်ရီက လွှတ်တော်၌ ပြောသည်။ မောတောင် ကုန်သွယ်ရေးစခန်းသည် ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် ကန်ဒေါ်လာ ၂ ဒသမ ၅၁၂ သန်း ကုန်သွယ်နိုင်ခဲ့ပြီး ၂၀၁၈-၁၉ (အောက်တိုဘာမှ မေလ ၃ ရက်အထိ) ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၁၃ ဒသမ ၅၅၃ သန်းအထိ တိုးတက်လာကာ နှစ်စဉ်ကုန်သွယ်မှု ပမာဏတိုးတက်နေသည်ဟု ဒုတိယဝန်ကြီးဦးအောင်ထူးကပြောသည်။

**Source:** http://www.7daydaily.com/story/156175

# STOCK EXCHANGE (16.5.19)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 16th May. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,500 | +500 | +5.00% | 10,000 | 10,500 | 10,000 | 2,961 | 30,235,500 | 27,112,747 | 284,684 |
| MTSH | 00002 | 3,050 | -50 | -1.61% | 3,050 | 3,050 | 3,050 | 12,892 | 39,320,600 | 38,929,150 | 118,734 |
| MCB | 00003 | 7,300 | +0 | +0.00% | 7,300 | 7,300 | 7,300 | 0 | 0 | 10,400,986 | 75,927 |
| FPB | 00004 | 20,000 | +0 | +0.00% | 20,000 | 20,000 | 20,000 | 0 | 0 | 2,472,053 | 49,441 |
| TMH | 00005 | 3,000 | +50 | +1.69% | 2,950 | 3,000 | 2,950 | 3,361 | 9,915,000 | 12,212,906 | 36,639 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 414.16 | +8.95 | +2.21% | 403.78 | 414.16 | 403.78 | 19,214 | 79,471,100 | 5 | 565,425 |


### Index chart




# Market Overview

As of 11:00 am, 15th May. 2019

| MYANPIX | 421.54 |
|---|---|
| | ▼ 1.42 |
| Total Volume (shares) | 5,264 |
| Total Value (MMK) | 37 mil |
| Listed Company | 5 |
| Market Cap. (MMK) | 575,498 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,500 | ▲ 0 |
| MTSH | 00002 | 3,150 | ▼ 50 |
| MCB | 00003 | 7,300 | ▲ 0 |
| FPB | 00004 | 22,500 | ▲ 0 |
| TMH | 00005 | 3,000 | ▲ 0 |